Message Three

## ရှေမီးခုံတိုင်များအလယ်တွင် သွားလာနေသော လူသားတော်အဖြစ် ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁း၉ - ၂း၁

**I. ရွှေမီးခုံတိုင်များအလယ်တွင် သွားလာနေသော လူသားတော်အဖြစ် ခရစ်တော်၏ ရူပါရုံကို မြင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အောင်မြင်သော တမန်များဖြစ်ရမည်၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသင်းတော်၏အခြေပြုနေရာပေါ်မှာ ယေရှု၌ ဆင်းရဲဒုက္ခ၊ နိုင်ငံတော်နှင့် သည်းခံတော်မူခြင်းတို့ကို ပါဝင်ဆက်ဆံသူချင်းများဖြစ်သောသူများ ဖြစ်ရမည်ဖြစ်သည် - ဗျာ၊၁း၉-၁၃၊ ၂၀။**

A. ကနဦးနေ့ရက်များရှိ အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်းသည် မြို့တစ်မြို့အတွက် အသင်းတော်တစ်ပါး၊ မြို့တစ်မြို့၌ အသင်းတော်တစ်ပါးတည်း ရှိခြင်းကို လက်တွေ့ကျင့်သုံးခြင်း ဖြစ်သည်။ အသင်းတော်တစ်ပါးထက် ပို၍ရှိသော မည်သည့်မြို့မျှ မရှိပါ - တ၊၈း၁။ ၁၃း၁။ ဗျာ၊၁း၁၁။

B. ဘုရားသခင် ရွေးချယ်တော်မူရာနေရာ ဖြစ်သည့် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း အခြေပြုနေရာပေါ်မှာ ကျွန်ုပ်တို့၏ စည်းဝေးခြင်းတွင် ဝိသေသလက္ခဏာ လေးခုရှိသည် - ညွှန်း၊ တရား၊၁၂း၅။

1. ရှေ့ဦးစွာ ဘုရားသခင်၏လူများသည် အမြဲပင် တစ်လုံးတစ်ဝဖြစ်သင့်ပါသည်။ သူတို့အလယ်တွင် မည်သည့် ကွဲပြားခြင်းမျှ မရှိသင့်ပါ - ဆာ၊၁၃၃။ ယော၊၁၇း၁၁၊ ၂၁-၂၃။ ၁ကော၊၁း၁၀။ ဧ၊၄း၃။
2. ဒုတိယမှာ၊ ဘုရားသခင့်လူများ အတူစုဝေးကြရမည့် တုနိုင်းရာမဲ့ အမည်မှာ သခင်ယေရှုခရစ်တော်၏ နာမဖြစ်ပြီး၊ ထိုနာမ၏ စစ်မှန်ခြင်းမှာ ဝိညာဉ်တော်ဖြစ်သည်။ အခြားမည်သည့်အမည်နာမဖြင့် ခေါ်ဝေါ်သမုတ်ခြင်းမှာ ဂိုဏ်းဂဏအမည်ပေးခြင်း၊ ကွဲပြားခြင်းပင် ဖြစ်သည်။ ဤအရာသည် ဝိညာဉ်ရေးရာ မတရားသောမေထုန်ပြုခြင်း ဖြစ်သည် - မ၊၁၈း၂၀။ ၁ကော၊၁း၁၂-၁၃။ ၁၂း၃ခ။
3. တတိယမှာ၊ ဓမ္မသစ်၌ ဘုရားသခင်၏နေထိုင်ရာ၊ ကိုယ်တော်၏ကိန်းဝပ်ရာနေရာမှာ အထူးသဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်၌ တည်ရှိသည်၊ ယင်းမှာ ကျွန်ုပ်တို့၏ရောနှောပေါင်းစည်းထားသော ဝိညာဉ်၊ ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော၊ ဘုရားဆိုင်ရာ ဝိညာဉ်တော်အားဖြင့် ကိန်းဝပ်ခံရသော လူသားဝိညာဉ်၌ ဖြစ်သည်။ ဘုရားသခင်ကို ကိုးကွယ်ခြင်းအတွက် ကျွန်ုပ်တို့၏ စည်းဝေးခြင်း၌ ကျွန်ုပ်တို့သည် ဝိညာဉ်ကို လေ့ကျင့်၍၊ အရာခပ်သိမ်းကို ဝိညာဉ်၌ လုပ်ဆောင်ရမည်ဖြစ်သည် - ယော၊ ၃း၆ခ။ ရော၊၈း၁၆။ ၂တိ၊၄း၂၂။ ဧ၊၂း၂၂။ ယော၊၄း၂၄။ ဗျာ၊၁း၁၀။ ၁ကော၊၁၄း၁၅။
4. စတုတ္ထမှာ၊ ဘုရားသခင်ကို ကိုးကွယ်ခြင်း၌ ကျွန်ုပ်တို့သည် အသွေးအသား၊ အတ္တနှင့် ဇာတိအသက်ကို ငြင်းပယ်ခြင်းအားဖြင့် ယဇ်ပလ္လင်အားဖြင့် ပုံဆောင်သော (တရား၊၁၂း၅-၆၊ ၂၇) ခရစ်တော်၏ ကားတိုင်ကို စစ်မှန်စွာ ယူဆောင်ခြင်း ရှိရမည်၊ ခရစ်တော်နှင့် ခရစ်တော်တစ်ပါးတည်းဖြင့်သာ (မ၊၁၆း၂၄။ ဂလ၊၂း၂၀) ဘုရားသခင်ကို ကိုးကွယ်ရမည် ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ယေရှု၌ ဆင်းရဲဒုက္ခတွင် ပါဝင်ဆက်ဆံသူချင်းများ ဖြစ်ကြသည်။

1. *ယေရှု၌* ဟူသည်မှာ ကျွန်ုပ်တို့သည် ကိန်းဝပ်နေသော ယေရှု၏ဝိညာဉ်တော်၊ ဒုက္ခခံစားခြင်းအတွက် ကြွယ်ဝသော ခွန်အားရှိသည့် လူတစ်ဦး၏ဝိညာဉ်တော်အားဖြင့် နာဇရက်မြို့သား ယေရှုနောက်သို့ ကျွန်ုပ်တို့ လိုက်နေစဉ် ဒုက္ခခံစားရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရခြင်းကို ဆိုလိုသည် - တ၊၁၆း၆-၇။
2. ယနေ့ ကျွန်ုပ်တို့ ဒုက္ခခံစားနေရစဉ် သခင်ယေရှုသည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့နှင့်အတူ ဒုက္ခဆင်းရဲခံစားနေသည် - ၉း၄-၅။ ဟေဗြဲ၊၁၃း၁၃။
3. ကျွန်ုပ်တို့သည် နိုင်ငံတော်အထဲသို့ များစွာသော ဆင်းရဲဒုက္ခများမှတစ်ဆင့် ဝင်ရောက်ကြရသည် - တ၊၁၄း၂၂။
4. ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဒုက္ခဆင်းရဲများ၌ ပါဝင်ဆက်ဆံရန်နှင့် ကိုယ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူခြင်း၌ ကားတိုင်မှာအသေခံသောအသက်တာကို အသက်ရှင်ရန် တတ်စွမ်းနိုင်ကြသည် - ဖိ၊၃း၁၀။ ကော၊၁း၂၄။ သီ၊၂း၈-၉၊ ၁၄။
5. ကျွန်ုပ်တို့သည် သေသည့်တိုင်အောင် ကျွန်ုပ်တို့၏စိတ်အသက်ကို မချစ်သင့်ပါ၊ ကျွန်ုပ်တို့၏အသက်များကို ညီအစ်ကိုများကိုယ်စား ချထားပေးခြင်း ရှိသင့်ပါသည် - ဗျာ၊၁၂း၁၁။ ၁ယော၊၃း၁၆။

D. ကျွန်ုပ်တို့သည် ယေရှု၌ နိုင်ငံတော်တွင် ပါဝင်ဆက်ဆံသူချင်းများ ဖြစ်ကြသည်။
   1. နိုင်ငံတော်သည် အသင်းတော်အသက်တာဖြစ်ပြီး၊ ယင်း၌ သစ္စာရှိသော ယုံကြည်သူများသည် သူတို့ အသက်၌ကြီးထွားခြင်းနှင့် အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် အသက်ရှင်ခြင်းရှိကြသည် - မ၁၆း၁၈-၁၉။ ရော၁၄း၁၇။ ၁ကော၃း၇။ ၂ကော၃း၁၈။
   2. နိုင်ငံတော်အသက်တာကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် စင်ကြယ်သော စိတ်နှလုံးထဲမှ သခင်ဘုရား၏နာမတော်ကို ခေါ်သောသူတို့နှင့်အတူ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ရှာဖွေဆည်းပူးရန် လိုအပ်သည် - ၂တိ၊၂း၂၂။
   3. နိုင်ငံတော်အသက်တာ၌ ပါဝင်ဆက်ဆံရန် ကျွန်ုပ်တို့သည် အပြစ်ပြုသောညီအစ်ကိုများအား သူတို့ကို ပြန်လည်ရယူခြင်းရှိရန်အလို့ငှာ ဂရုစိုက်ပေးဖို့ လိုအပ်သည် - မ၁၈း၁၅-၂၂။
E. ကျွန်ုပ်တို့သည် ယေရှု၌ သည်းခံတော်မူခြင်းတွင် ပါဝင်ဆက်ဆံသူချင်းများ ဖြစ်ကြသည်။
   1. ကျွန်ုပ်တို့သည် စာတန်၏ ခြေကုန်လက်ပန်းကျစေသော နည်းဗျူဟာကို ခုခံရမည်ဖြစ်သည် - ဒံ၊၇း၂၅။
   2. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေသောအခါ ကိုယ်တော်၏သည်းခံတော်မူခြင်းစကားကို စောင့်ထိန်းကြပြီး၊ ဒုက္ခဆင်းရဲခံရန်နှင့် ဆန့်ကျင်မှုကို ခံနိုင်ရန် သည်းခံခြင်း ရှိကြသည် - ဗျာ၊၃း၁၀။
   3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ခဲ့သော၊ တွေ့ကြုံခံစားခဲ့သော ခရစ်တော်၏ သည်းခံတော်မူခြင်းဖြင့် သည်းခံနိုင်ခြင်း ရှိကြသည် - ၂သက်၊၃း၅။

**II. လူသားတော်ဖြစ်သော ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီးဖြစ်ပြီး၊ "ခြေသို့ တိုင်အောင် ဝတ်လုံကို ခြုံလျက်၊ ရင်တော်၌ ရွှေခါးပန်းကို စည်းလျက်ရှိ၏" (ဗျာ၊၁း၁၃)၊ ယင်းမှာ ကိုယ်တော်၏လူသားဇာတိ၌ အသင်းတော်များကို ပြုစုယုယရန်နှင့် ကိုယ်တော်၏ဘုရားဇာတိ၌ သူတို့ကို ကျွေးမွေးရန် ဖြစ်သည်။**

A. လူသားတော်သည် ကိုယ်တော်၏လူသားဇာတိ၌ ဖြစ်ပြီး၊ ရွှေခါးပန်းသည် ကိုယ်တော်၏ဘုရားဇာတိကို ပုံဆောင်ကာ၊ ရင်တော်သည် ချစ်ခြင်းမေတ္တာ၏ အမှတ်လက္ခဏာ ဖြစ်သည်။
   1. ခရစ်တော်သည် အသင်းတော်များကို ထုတ်လုပ်ခြင်းငှာ ဘုရားဆိုင်ရာအလုပ်အတွက် ခွန်အားသန်စွမ်းရန် ခါး၌ ခါးပန်းစည်းထားသည် (ထွ၊၂၈း၄။ ဒံ၊၁၀း၅)၊ သို့သော် ယခုတွင် ကိုယ်တော်သည် ရင်တော်၌ ခါးပန်းစည်းထားပြီး၊ ကိုယ်တော်ထုတ်လုပ်ခဲ့သော အသင်းတော်များကို မေတ္တာဖြင့် ဂရုစိုက်ပေးနေသည်။
   2. ရွှေခါးပန်းသည် ကိုယ်တော်၏ဘုရားဆိုင်ရာစွမ်းအင်အဖြစ် ခရစ်တော်၏ဘုရားဇာတိကို ပုံဆောင်ပြီး၊ ရင်တော်မှာ ဤရွှေရောင် စွမ်းအင်သည် အသင်းတော်များကို ကျွေးမွေးရန် ကိုယ်တော်၏မေတ္တာတော်အားဖြင့်၊ ၎င်းနှင့်အတူ လေ့ကျင့်ခြင်းနှင့် လှုံ့ဆော်ခံရခြင်းကို ပုံဆောင်သည်။
B. ခရစ်တော်သည် လူသားတော်အဖြစ် ကိုယ်တော်၏လူသားဇာတိ၌ အသင်းတော်များအား ပြုစုယုယရန် ဂရုစိုက်ပေးနေသည် - ဗျာ၊၁း၁၃က။
   1. ကိုယ်တော်သည် မီးခုံတိုင်မှ မီးခွက်များကို မှန်ကန်သင့်လျော်မှုရှိစေရန် ပြင်ဆင်ပေးပြီး၊ ကျွန်ုပ်တို့ကို ပြုစုယုယပေးသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ပျော်ရွှင်ခြင်း၊ နှစ်သက်အားရခြင်းနှင့် သက်သောင့်သက်သာဖြစ်ခြင်း ရှိကြမည်ဖြစ်သည် - ထွ၊၃၀း၇။ ညွှန်း၊ ဆာ၊၄၂း၅၊ ၁၁။
      a. သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို ပြုစုယုယရန် နူးညံ့ခြင်းနှင့် နွေးထွေးခြင်း အခြေအနေကို ဖြစ်ပေါ်စေ၍၊ ကျွန်ုပ်တို့ကို နားခိုခြင်း၊ နှစ်သိမ့်ခြင်း၊ အနာငြိမ်းခြင်း၊ ဆေးကြောခြင်းနှင့် ခွန်အားပေးခြင်း ရှိစေသည်။
      b. ကျွန်ုပ်တို့သည် အသက်၏ ကျွေးမွေးသော ထောက်ပံ့မှုကို ရရှိရန် အသင်းတော်၌ သခင်ဘုရား မျက်မှောက်တော်၏ ပြုစုယုယသော အခြေအနေကို မွေ့လျော်ဝမ်းမြောက်နိုင်ပါသည် - ဧ၊၅း၂၉။ ညွှန်း၊ ၁တိ၊၄း၆။ ဧ၊၄း၁၁။
   2. ကိုယ်တော်သည် မီးခုံတိုင်၏ မီးခွက်များမှ မီးစာများကို ဖြတ်ညှိပေးပြီး၊ ကျွန်ုပ်တို့၏ထွန်းလင်းမှုကို နှောင့်ယှက်သည့် အနုတ်လက္ခဏာအရာများအားလုံးကို ဖြတ်တောက်ပေးသည် - ထွ၊၂၅း၃၈။

a. မီးစာ၊ ထိပ်ဖျား၏ မီးကျွမ်းနေသောအပိုင်းသည် ဘုရားသခင်၏အကြံအစည်တော်အတိုင်းမဟုတ်သော အရာများကို ပုံဆောင်ပြီး၊ ကျွန်ုပ်တို့၏ အသွေးအသား၊ ကျွန်ုပ်တို့၏ ဇာတိလူ၊ ကျွန်ုပ်တို့၏ အတ္တနှင့် ကျွန်ုပ်တို့၏ ဖန်ဆင်းခြင်း အဟောင်းစသည်တို့ကို ဖြတ်တောက်ပစ်ရန် လိုအပ်သည်။

b. ကိုယ်တော်သည် အသင်းတော်များအလယ်ရှိ ခြားနားမှုများအားလုံး (အမှားလုပ်ခြင်းများ၊ ပြတ်လပ်မှုများ၊ ကျဆင်းမှုများနှင့် အပြစ်အနာအဆာများ) တို့ကို ဖြတ်ညှိပေးသည်၊ ထိုသို့ဖြင့် သူတို့သည် အနှစ်သာရ၊ သွင်ပြင်လက္ခဏာနှင့် ထင်ရှားခြင်းတို့၌ တူညီနိုင်ကြမည်ဖြစ်သည် - ညွှန်း၊ ၁ကော၊၁း၁၀။ ၂ကော၊၁၂း၁၈။ ဖိ၊၂း၂။

C. ခရစ်တော်သည် သူ၏ဘုရားဆိုင်ရာမေတ္တာဖြင့် ကိုယ်တော်၏ဘုရားဇာတိ၌ အသင်းတော်များကို ဂရုစိုက်သည်၊ ယင်းကို အသင်းတော်များကို ကျွေးမွေးရန် ရင်တော်မှာ ရွှေခါးပန်းစည်းထားခြင်းအားဖြင့် ပုံဆောင်ထားသည် - ဗျာ၊၁း၁၃ခ။

1. ကိုယ်တော်သည် အရာအားလုံးပါဝင်သော ခရစ်တော်အဖြစ် ကိုယ်တော်၏ပြည့်စုံသောအမှုတော်အဆင့်သုံးဆင့်၌ မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ကျွေးမွေးသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ထာဝရစီမံကိန်းကို ပြီးမြောက်ပြည့်စုံစေရန် ကိုယ်တော်၏အောင်မြင်သောသူများဖြစ်ဖို့ ဘုရားဆိုင်ရာအသက်၌ ကြီးထွားကာ ရင့်ကျက်လာနိုင်မည်ဖြစ်သည်။
2. သွားလာတော်မူသော ခရစ်တော်အဖြစ် ကိုယ်တော်သည် အသင်းတော်တစ်ပါးစီ၏ အခြေအနေကို သိကျွမ်းတော်မူပြီး၊ စကားပြောသောဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် မီးခုံတိုင်ကို ကိုက်ညှိကာ၊ လတ်ဆတ်သောဆီ၊ ဝိညာဉ်တော်၏မစမှုဖြင့် ဖြည့်ပေးလေသည် - ၂း၁၊ ၇။
3. ကိုယ်တော်၏လှုပ်ရှားမှု၌ ပါဝင်ဆက်နွယ်၍ ကိုယ်တော်၏ဂရုစိုက်ခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် အသင်းတော်များ၌ ရှိရကြမည်ဖြစ်သည်။

**III. သခင်ဘုရား၏ ကောင်းကင်ဆိုင်ရာ ရွေးကျခြင်းကို ခေါင်းတော်နှင့် ဆံပင်သည် သိုးမွေးကဲ့သို့၊ နှင်းကဲ့သို့ဖြူဆွတ်ခြင်းအားဖြင့် ပုံဖော်ပြသထားသည် - ၁း၁၄က။ ဒံ၊၇း၉။ ယောဘ၊၁၅း၁၀။ ညွှန်း၊ သီ၊၅း၁၁။**

**IV. သခင်ဘုရား၏ မျက်စိခုနစ်လုံးသည် အလင်းပေးခြင်းနှင့် ဖြည့်သွင်းခြင်းအားဖြင့် စောင့်ကြည့်ခြင်း၊ ရှာဖွေကြည့်ရှုခြင်း၊ စစ်ဆေးရှာဖွေခြင်းနှင့် တရားစီရင်ခြင်းအတွက် မီးလျှံကဲ့သို့ဖြစ်ကြသည် - ဗျာ၊၁း၁၄ခ။ ၅း၆။ ဒံ၊၁၀း၆။**

A. ခရစ်တော်၏မျက်စိတော်များသည် မြေကြီးပေါ် ဘုရားသခင်၏လှုပ်ရှားမှုနှင့် ပြုပြင်လုပ်ဆောင်မှုအတွက်ဖြစ်ပြီး၊ နံပါတ်ခုနစ်သည် ဘုရားသခင်၏လှုပ်ရှားမှု၌ ပြည့်စုံခြင်း၏ နံပါတ်ဖြစ်သည်။

B. သခင်ဘုရား၏မျက်စိတော်သည် မီးလျှံကဲ့သို့ ဖြစ်ခြင်းမှာ အဓိကအားဖြင့် ကိုယ်တော်၏တရားစီရင်ခြင်းအတွက် ဖြစ်သည် - ၇း၉-၁၀။ ဗျာ၊၂း၁၈။ ၁၉း၁၁-၁၂။

**V. သခင်ဘုရား၏ခြေတော်တို့သည် မီးပြင်းဖို၌ ချွတ်ပြီးသကဲ့သို့ တောက်ပသော ကြေးညိုကဲ့သို့ဖြစ်ကြပြီး၊ ကိုယ်တော်သည် ဘုရားဆိုင်ရာတရားစီရင်ခြင်းကို စီရင်ဆောင်ရွက်ရန် အရည်အချင်းပြည့်မီသည့် ကိုယ်တော်၏စုံလင်သော၊ တောက်ပသော လျှောက်လှမ်းခြင်းကို ပုံဆောင်သည် - ၁း၁၅က။ ယေဇ၊၁း၇။ ဒံ၊၁၀း၆။**

**VI. သခင်ဘုရား၏အသံတော်သည် များစွာသောရေအသံကဲ့သို့ (ဗျာ၊၁း၁၅ခ။ ညွှန်း၊ ၁၄း၂) ယင်းမှာ များစွာသောရေအသံ၊ အနန္တတန်ခိုးရှင်၏ အသံတော်ကဲ့သို့ (ယေဇ၊၁း၂၄။ ၄၃း၂)၊ လေးနက်ခြင်းနှင့် တည်ကြည်ခြင်း၌ (ညွှန်း၊ ဗျာ၊၁၀း၃) ရှိနေသည်။**

**VII. ခရစ်တော်သည် အသင်းတော်များ၏ တောက်ပသော တမန်များကို ကိုင်စွဲထားသောသူ ဖြစ်သည် - ၁း၁၆က၊ ၂၀။**

A. တမန်များသည် အသင်းတော်များရှိ ဝိညာဉ်ရေးရာရှိသူများ၊ ယေရှု၏သက်သေခံချက် တာဝန်ကို ထမ်းဆောင်သူများဖြစ်ကြသည်။

B. ကြယ်များကဲ့သို့ ကောင်းကင်ဆိုင်ရာသဘောသဘာဝနှင့် ကောင်းကင်ဆိုင်ရာ အနေအထားရှိကြသော တမန်များသည် သခင်ဘုရားသခင်ထံမှ ကိုယ်တော်၏လူများထံ သစ်လွင်လန်းဆန်းသော သတင်းစကား ရရှိသူများဖြစ်ကြသည် - ၂း၁က။

C. ဦးဆောင်သူများသည် ကိုယ်တော်၏လက်ယာလက်တော်၌ ရှိကြသောကြောင့် သူတို့သည် နောက်သို့တွန့်ဆုတ်နေဖို့ မလိုအပ်ပါ။ ခရစ်တော်သည် ကိုယ်တော်၏သက်သေခံချက်အတွက် တာဝန်ကို အမှန်ပင် ထမ်းဆောင်တော်မူသည်။

**VIII.** **ခရစ်တော်၏ခံတွင်းတော်ထဲမှ အသွားနှစ်ဖက်ထက်သောဓားသည် ထွက်လာ၍၊ ယင်းသည် ကိုယ်တော်၏ထိုးထွင်းသိမြင်ခြင်း၊ စီရင်ခြင်းနှင့် သတ်ဖြတ်ခြင်း စကားတော်ဖြစ်ပြီး၊ အနုတ်လက္ခဏာ ပုဂ္ဂိုလ်များနှင့် အရာများကို ဆက်ဆံဖြေရှင်းဖို့အတွက်ဖြစ်သည် - ၁း၁၆ခ။ ဟေဗြဲ၄း၁၂။ ဧ၆း၁၇။**

**IX.** **ခရစ်တော်၏မျက်နှာတော်သည် အရှိန်တန်ခိုးနှင့်ထွန်းတောက်သော နေကဲ့သို့ ဖြစ်ခြင်း (ဒံ၊၁၀း၆) မှာ နိုင်ငံတော်ကို ယူဆောင်လာရန် အလင်းထွန်းလင်းပေးခြင်းကို စီရင်ခြင်းအတွက်ဖြစ်သည်(ဗျာ၊၁း၁၆။ ၁၀း၁။ မ၊၁၇း၂။ ဆွန်းမာလ၊၄း၂။ သူကြီး၊၅း၃၁။ မ၊၁၃း၄၃)။**

**X.** **ခရစ်တော်သည် ပထမနှင့် နောက်ဆုံးဖြစ်ပြီး၊ ကိုယ်တော်သည် သူ့အလုပ်မပြီးစီးဘဲ ဘယ်တော့မှမချန်ထားခဲ့ကြောင်း သေချာစေပြီး၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော် ထင်ရှားခြင်းအဖြစ် အသင်းတော်များသည် အသက်ရှင်ခြင်း၊ လန်းဆန်းခြင်းနှင့် သန့်စွမ်းခြင်းရှိစေရန် အတွက် အသက်ရှင်သောအရှင် ဖြစ်သည် - ဗျာ၊၁း၁၇-၁၈က။**

**XI.** **ခရစ်တော်၌ သေခြင်းနှင့် မရဏာနိုင်ငံ၏ သော့များ ရှိသည် - အငယ်၊၁၈ခ။**

A. သေခြင်းသည် စုဆောင်းသူဖြစ်ကာ၊ မရဏာနိုင်ငံသည် ထိန်းသိမ်းသူဖြစ်သည်၊ သို့သော် ခရစ်တော်သည် ကားတိုင်ပေါ်မှာ သေခြင်းကို ပျက်ပြယ်စေကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ မရဏာနိုင်ငံကို အောင်မြင်ခဲ့သည် - ၂တိ၊၁း၁၀။ တ၊၂း၂၄။

B. ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်ခြင်း၊ ကားတိုင်ကိုထမ်းခြင်း၊ စိတ်အသက်ကို ဆုံးရှုံးခြင်းကို လေ့ကျင့်ခြင်းအားဖြင့် သခင်ဘုရားကို ကျွန်ုပ်တို့အလယ်မှာ လှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းရှိစေရန် အခြေချရာ၊ အခွင့်အရေးနှင့် လမ်းကို ပေးနေသရွေ့ သေခြင်းနှင့် မရဏာနိုင်ငံသည် ကိုယ်တော်၏ထိန်းချုပ်မှုအောက်မှာ ရှိနေလိမ့်မည်ဖြစ်သည် - မ၊၁၆း၁၈၊ ၂၁-၂၆။

*© 2025 Living Stream Ministry*